**ဖယ်ဒရယ် နှင့် မြောက်ကယ်ရိုလိုင်းနား အစိုးရထံ ဝင်ငွေခွန်ထမ်းဆောင်ရန် ဝင်ငွေထဲမှ နှုတ်ယူထိန်းချုပ်ထားရေး လျှောက်လွှာများကို ဝင်ကြည့်ခြင်း နှင့် ပြုပြင်မွမ်းမံခြင်းအတွက် နည်းလမ်းအသစ်**

ချစ်ခင်လေးစားအပ်ပါသော တက္ကသိုလ် ဂန်ထမ်းများ၊

လုပ်ခလစာ စီမံရေးဌာနမှ ဖယ်ဒရယ်နှင့် မြောက်ကယ်ရိုလိုင်းနား အစိုးရ ဝင်ငွေခွန်ထမ်းဆောင်ရန် ဝင်ငွေထဲမှ နှုတ်ယူထိန်းချုပ်ထားရေး လျှောက်လွှာများ (W-4 နှင့် NC-4 လျှောက်လွှာများ) ကို ဝင်ကြည့်ရန် နှင့် ပြုပြင်မွမ်းမံ နိုင်ရန်အတွက် ကယ်ရိုလိုင်းနားကွန်ယက် (ConnectCarolina) မူလစာမျက်နှာရှိ ကိုယ်တိုင်ဝန်ဆောင်မှု မီနူးတွင် ထားရှိထားပေးထားပါသည်။

သင့် ကိုယ်ပိုင် ဝင်ငွေခွန်ထမ်းဆောင်ရန် နှုတ်ယူထိန်းချုပ်ထားမှုဆိုင်ရာအခြေအနေအား ဝင်ကြည့်ရန် နှင့် အပြောင်းအလဲတို့ကို အွန်လိုင်းဖြင့် ပြုလုပ်နိုင်ရန် စီစဉ်ထားရှိပေးခြင်းသည် ကယ်ရိုလိုင်းနားကွန်ယက် ကိုယ်တိုင်ဝန်ဆောင်မှု (ConnectCarolina Self Service) ကို အသုံးပြုသည့် ဝန်ထမ်းများ အတွက် အီလက်ထရောနစ်စနစ်သုံးသော နည်းလမ်းများ ပိုမိုရရှိစေရန်တက္ကသိုလ်၏ ကြိုးပမ်းအားထုတ်မှု အစိတ်အပိုင်း တစ်ခုဖြစ်သည်။
**ဖယ်ဒရယ် နှင့် မြောက်ကယ်ရိုလိုင်းနား အစိုးရ ထံ  သင်ပေးဆောင်လိုက်သော ဝင်ငွေခွန်ထမ်းဆောင်ရန် ဝင်ငွေထဲမှ နှုတ်ယူထိန်းချုပ်ထားမည့် ပမာဏသည်** သင် **ဖော်ပြထားသော** W-4 နှင့် NC-4 အခွန် တရားဝင်လက်မှတ်များ ပေါ်မှ အချက်အလက် နှင့် သင့်ထံမှ အခွန်ကောက်ခံနိုင်သည့် ဝင်ငွေများ၏ ပမာဏ အပေါ်တွင် မူတည်ပါသည်။ ယခု လက်ရှိ သင့်လျှောက်လွှာများကို ဝင်ရောက်ကြည့်ရှု နိုင်ပြီး လျှောက်လွှာဖြည့်သွင်းကာ ပြုပြင်မွမ်းမံထားမှုများကို အွန်လိုင်းမှတဆင့် တင်နိုင်သည်၊ ၎င်းသည်တက္ကသိုလ် လုပ်ခလစာပေးသည့် စနစ် အတွက် ပိုမိုမြန်ဆန်ပြီး ပို၍ အဆင်ပြေချောမွေ့စေပါသည်။ အွန်လိုင်းမှ လုပ်ဆောင်ခြင်းဖြင့် လျှောက်လွှာစာရွက်များသုံးရာ၌ အပြောင်းအလဲများပြုလုပ်ရန် ခက်ခဲနေခြင်းကို အဆင်ပြေစေပါလိမ့်မည်။

နည်းလမ်းသစ်မှာ အထူး လွယ်ကူချောမွေ့ပြီး အွန်လိုင်းတွင် ကိုယ်တိုင်-ဝန်ဆောင် အခွန် လျှောက်လွှာများစွာ ရှိသည့်အနက် ဒုတိယလျှောက်လွှာဖြစ်သည်။ မိမိတို့၏ ကိုယ်ပိုင် W-4 သို့မဟုတ် NC-4 အခွန်လျှောက်လွှာများ ကို ဝင်ရောက်ကြည့်ရှုခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း နှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ အကူအညီ လိုအပ်သည့်သူတိုင်းသည်အကူအညီပေးရေး ဌာန (Help Desk) ထံသို့ ဖုန်းနံပါတ် 962-HELP သို့ ဆက်သွယ်စုံစမ်းသင့်သည်။ အကူအညီပေးရေးဌာန (Help Desk) ထံ ဆက်သွယ်ပြီးဖြစ်သော်လည်း မိမိတို့၏ W-4 သို့မဟုတ် NC-4 လျှောက်လွှာများ ကို ပြုပြင်မွမ်းမံခြင်း မဆောင်ရွက်နိုင်ပါက အားလုံးသည် လုပ်ခလစာ ထုတ်ပေးရေး ဝန်ဆောင်မှု ထံသို့ payroll@unc.edu အီးမေးလ်မှ တဆင့် ထပ်မံ ဆက်သွယ်ဆောင်ရွက်သင့်သည်။

သင့် W-4 နှင့် NC-4 လျှောက်လွှာများကို ရှာဖွေရန် နည်းလမ်းများနှင့် ပတ်သက်၍ အဆင့်ဆင့် လုပ်ဆောင်ရမည့် လမ်းညွှန်ချက်များ နှင့် သုံးစွဲသူ အတွက် အကြံပြုချက်များကို ကယ်ရိုလိုင်းနား ကွန်ယက် သုံးစွဲသူ ဝက်ဘ်ဆိုဒ်၊ အွန်လိုင်း ဝန်ထမ်း အခွန် လျှောက်လွှာများ စာမျက်နှာ- http://ccinfo.unc.edu/online-employee-tax-forms/ ထဲ၌ ဝင်ရောက်ကြည့်ရှုနိုင်သည်။